
mgyoe.com

# မြေးကို ပြောသော ပုံပြင်များ

၁



ဝင်းဇော်
(သုံးဆယ်)

mgyoe.com

mgyoe.com

သားအချစ်၊ မြေးအနှစ်ဆိုသည့်အတိုင်း
သားသမီးများကို မိဘမေတ္တာဖြင့် ပြုစုပျိုးထောင်ကျွေးမွေးခဲ့ရသော
အဖေအမေတို့သည် သားသမီးများ လူလားမြောက်ကာ
အိမ်ယာထူထောင်ပြီးကြသည့်နောက်လည်း
ပွားစီးလာသော မြေးတို့အပေါ် အချစ်ပို၍
အနှစ်ဖုံးကာ ထိန်းကျောင်းရပြန်ပါသည်။
မြန်မာအဘိုးအဘွားတို့၏ မြေးတို့အပေါ်တာဝန်တစ်ခုမှာ
အလုပ်တာဝန်တို့ဖြင့် မအားလပ်ကြသော အဖေအမေတို့ကိုယ်စား
ပုံပြောပြကြရခြင်းပင်ဖြစ်သည်။
နေ့လည်နေ့ခင်း ပုံပြောပြရန် ပူဆာကြသလို
အိပ်ရာဝင်တော့လည်း ပုံပြင်လေးနှင့်မှ အိပ်ချင်ကြသော
ကလေးတို့အတွက် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင်
ပုံပြင်ပေါင်းများစွာ မရိုးနိုင်အောင် ပေါ်ထွန်းခဲ့ပေသည်။
ယခု စုဆောင်းရေးသားလိုက်သော ပုံပြင်တို့မှာလည်း
ကလေးများနှင့် လိုက်ဖက်အောင် လိမ္မာရေးခြားရှိအောင်
ပြုစုထားသဖြင့် တစ်ခါတစ်ရံ ဘာပြောပြရမှန်းမသိ ဖြစ်ကြရသည့်
အဘိုးအဘွားတို့အတွက် လက်စွဲပြုစရာ ပုံပြင်လေးများ ဖြစ်ပါ၍
မြေးကိုပြောသောပုံပြင်များဟု အမည်ပေးလိုက်ပါသည်။

# မြေးကိုပြောသောပုံပြင်များ

ဝင်းဇော်
(သုံးဆယ်)

ISBN 978-99971-2-013-7
A1WZ001
1700 MMK

mgyoe.com

စာမူမူပိုင် - ဦးစန်းဦး(စိတ်ကူးချိုချို)
ယခုစာအုပ်ပြင်ဆင်တင်ဆက်ပုံမှုပိုင် - အပါးတော်မြ

ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြစာပေတိုက်(၀၂၂၉၃)၊
အမှတ်၇/၈၊ မြန်မာသီရိလင်္ကာရာမကျောင်းလမ်း၊ တာမွေ။
ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ။ ဗိုသံ

မေတ္တာဖြင့်အောင်မြင်သူနှင့်မြေးကိုပြောသောပုံပြင်များ(၁)၊ ဝင်းဇော်(သုံးဆယ်)

၁၇၉ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ပထမနှိပ်ခြင်း၊ ၂၀၁၈၊ အောက်တိုဘာလ၊

အုပ်ရေ ၁၀၀၀၊

email: aptmph@gmail.com
www.facebook.com/အပါးတော်မြစာပေတိုက်
အမှတ် (၇/၈)၊ မြန်မာသီရိလင်္ကာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၉၉၅၅၅၊ ၀၉ ၄၄၁၅၁၅၅၅၉

mgyoe.com

mgyoe.com

# မေတ္တာဖြင့်အောင်မြင်သူ
# နှင့်
# မြေးကိုပြောသောပုံပြင်များ(၁)

ဝင်းဇော်(သုံးဆယ်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၊ ပထမနှိပ်ခြင်း။

mgyoe.com

mgyoe.com

မြန်မာမိသားစုများအတွက်
သားစဉ်မြေးဆက် ကိုးကားပြောပြသင်ကြားစရာ
**ဝင်းဇော်(သုံးဆယ်)၏ ပင်ကိုရေး**
မြေးကိုပြောသောပုံပြင်များ . . . အတွဲလိုက်
အပါးတော်မြဲစာပေတိုက်မှ
ဆက်လက် ထွက်ရှိလာပါမည်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မယိမ်းမယိုင် ခိုင်မာတဲ့စိတ်ဓာတ် | ၁ |
| ၂။ | မိမိမကောင်းညာဏ် ကိုယ်သာခံ | ၁၂ |
| ၃။ | လူဆိုးနက္ခတ်နဲ့ မွေးဖွားလာသူ | ၁၈ |
| ၄။ | အငြိုးအတေးစိတ်ကြီးမားသူ | ၃၃ |
| ၅။ | အစားမက်တဲ့ဝက် | ၄၈ |
| ၆။ | အချိန်မရွေး သေတဲ့ဘေး | ၅၆ |
| ၇။ | ကျေးဇူးကန်းသူရဲ့ ဘဝနိဂုံး | ၇၁ |
| ၈။ | ကပ်စေးနှဲသောသူဌေးကြီး | ၈၁ |
| ၉။ | ဒုက္ခနယ်က ရုန်းထွက်သူ | ၉၁ |
| ၁၀။ | စိုးရိမ်ပူပန်မှုကင်းသူ | ၉၇ |
| ၁၁။ | မေတ္တာဖြင့်အောင်မြင်သူ | ၁၂၁ |
| ၁၂။ | သီလ ဒါန ပြုသူ့ရသော အကျိုးရလဒ် | ၁၂၈ |
| ၁၃။ | အရသာကိုမက်မောလျှင် | ၁၄၂ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မယိမ်းမယိုင် ခိုင်မာတဲ့စိတ်ဓာတ်

ဒီနေ့ကလေးတို့ကို အဘိုးပြောပြချင်တဲ့ ပုံပြင်ကတော့ ခိုင်မာတဲ့ စိတ်ဓာတ်ကို မွေးစေချင်လို့ပါပဲ။

ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေကို ကလေးတို့ ကြည့်ဖူးကြတယ် မဟုတ်လား။ အဲဒီဇာတ်ပွဲ၊ အငြိမ့်ပွဲတွေမှာ သူ့အခန်း၊ သူ့ဇာတ်ကွက်အလိုက် အခိုက်အတန့် (အချိန်ပိုင်း အနည်းအကျဉ်းလောက်သာ) ပါဝင်ကပြနေတဲ့ သူတွေကို စိတ်ထားနုနယ် ပျော့ပျောင်းတဲ့ မိန်းမတွေနဲ့ ကလေးသူငယ်တွေက အမှန်တကယ်ထင်မှတ်ပြီး (ဇာတ်လမ်း၊ ဇာတ်ကွက်တွေထဲမှာ စီးမျောပြီး) လွမ်းခန်းမှာ မျက်ရည်ကျနေတာတွေကို ကလေးတို့ တွေ့ဖူးကြတယ် မဟုတ်လား။

နိမ့်ပါးတဲ့သူတွေ (ဆင်းရဲနွမ်းပါးတဲ့သူတွေကိုပြောတာပါ) နှိပ်စက်ခံနေရတာကိုမြင်ရတဲ့အခါ ဇာတ်ပွဲ၊အငြိမ့်ပွဲ ကြည့်နေတဲ့သူတွေက ဒေါသဖြစ်ကြရတယ်။ မိမိနှစ်သက်သဘောကျတဲ့ မင်းသား(ဇာတ်ကောင်ပေါ့)

mgyoe.com

mgyoe.com


က သူဌေးဖြစ်နေရင်၊ သူ့ချစ်သူနဲ့ ကြည်နူးနေရင် ဝမ်းသာအားရ ဖြစ်နေတတ်ကြတယ်။

ဒါပေမဲ့ ဇာတ်လမ်းဇာတ်ကွက်ရဲ့ သဘောသဘာဝကို ဆင်ခြင်စဉ်းစားတတ်သူတွေ အဖို့မှာတော့ တစ်စုံတစ်ရာ ထူးခြားမှုမရှိဘူး။ ဒါတွေဟာ လူတွေကရေးတဲ့ ဇာတ်လမ်း၊ လူတွေကပဲ ကပြအသုံးတော်ခံနေကြတာပဲလို့ သဘောထားကြတယ်။

အဲဒါဟုတ်တာပေါ့။ လူသားတိုင်း၊ လူသားတိုင်းအနေနဲ့ လောကဇာတ်ခုံကြီးပေါ်မှာ လူတွေရဲ့ဘဝတွေဟာ နိမ့်တုံမြင့်တုံ၊ ချမ်းသာတစ်ခါဆင်းရဲတစ်လှည့် ဖြစ်ပျက်ခံစား နေကြရတာတွေကို ဒါတွေက လောကခံအတိုင်း ဖြစ်ပျက်နေကြတာပဲလို့ နှလုံးသွင်း(သဘောထား) နိုင်ကြမယ်ဆိုရင် ဘယ်လိုမှ တုန်လှုပ်ချောက်ချားစရာ ရှိတော့မှာ မဟုတ်တော့ဘူး။

လူသားတွေဟာ လောကခံရှစ်ပါးကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ကြပြီး ယခုဘဝမှာ ကောင်းမွန်စွာ နေထိုင်ကြလို့ ဘဝနောင်ရေးကောင်းအောင် နေထိုင်သွားတတ်ကြမယ်ဆိုရင် ဘယ်လောက်ကောင်းလိမ့်မလဲ။


မကောင်းမှုတွေ မပြုလုပ်မိအောင် စိတ်ကိုထိန်းသိမ်း ရှောင်ကြဉ်သင့်ကြပေတယ်။ စိတ်ကိုထိန်းသိမ်းနိုင်အောင် ကြိုးစားကြရပါမယ်။ စိတ်ကို ထိန်းသိမ်းနိုင်ခဲ့တာကြောင့် ထီးနန်းရခဲ့တဲ့ မင်းကြီးအကြောင်းကို ကလေးတို့သိအောင် အဘိုးက ပြောပြချင်တယ်။

ရှေးလွန်လေပြီးတဲ့အခါက ဗာရာဏသီပြည်မှာ ဗာရာဏသီမင်းကြီး အုပ်ချုပ်တော်မူတယ်။ အဲဒီ ဗာရာဏသီမင်းမှာ သားတော် တစ်ထောင်ရှိတယ်။ သားတော်တစ်ထောင် ရှိတယ်ဆိုလို့ ကလေးတို့ အံ့ဩသွားကြပြီလား။ အဲဒီ ဗာရာဏသီမင်းကြီးရဲ့ အငယ်ဆုံးသားတော်က....

"ငါက ခမည်းတော်ရဲ့ သားအငယ်ဆုံးဖြစ်နေတယ်။ ဒီ ဗာရာဏသီပြည်ကြီးမှာ ငါဘုရင်ဖြစ်ခွင့်ရပါတော့မလား" လို့ တွေးတော

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ဆင်ခြင် မိတာကြောင့် နန်းတော်ကို ဆွမ်းခံကြွလာတဲ့ ပစ္စေကဗုဒ္ဓါကို....

"အရှင်မြတ်ဘုရား... တပည့်တော်သည် ဗာရာဏသီမင်းကြီးရဲ့ သားတော်တစ်ထောင်ထဲမှာ အငယ်ဆုံးသောသား ဖြစ်ပါတယ်။ တပည့်တော်သည် ဗာရာဏသီထီးနန်းကို စိုးစံခွင့်ရတဲ့မင်း ဖြစ်ပါတော့မလား ဘုရား" လို့ မေးမြန်းလျှောက်တင်ပါတယ်။

အဲဒီအခါ ပစ္စေကဗုဒ္ဓါက....

"အသင်မင်းသားလေး၊ သင်ဟာ ဒီဗာရာဏသီပြည်မှာတော့ မင်းအဖြစ်ကို ရမှာမဟုတ်ပေဘူး။ ဒီဗာရာဏသီပြည်ကနေ ယူဇနာ ၁၂၀ ဝေးတဲ့ 'ဂန္ဓာရတိုင်း' တက္ကသိုလ်ပြည်ကို ခုနစ်ရက်နဲ့ အရောက်သွားနိုင်ရင် အဲဒီ ပြည်မှာ မင်းသားလေးဟာ မင်းအဖြစ်ကို မလွဲမသွေ ရပေလိမ့်မယ်" လို့မိန့်တယ်။

"အရှင်ဘုရားရဲ့ မိန့်မှာစကားကို ကြားရတာ ဝမ်းသာမိပါတယ် ဘုရား"

"ဒါကာမင်းသားလေး၊ သင်သွားရမယ့် ခရီးလမ်းမှာ တောအုပ်တစ်ခု ဖြတ်သန်းသွားရပေလိမ့်မယ်"

"မှန်လှပါဘုရား"

"အဲဒီတောအုပ်ထဲမှာ ဘီလူးတွေရှိတယ်။ ဘီလူးမတွေဟာ သူတို့ကိုယ်သူတို့ လှပတဲ့ မိန်းမပျိုကလေးတွေအသွင် ဖန်ဆင်းထားပြီး ဇရပ်တည်ဆောက်ထားသလို လုပ်ထားကြတယ်။ ခရီးသွားယောကျ်ားတွေကို သူတို့ရဲ့အလှ၊ အသံ၊ အနံ့၊ အရသာကောင်းတဲ့ အစားအစာ၊ နေရာထိုင်ခင်းတွေနဲ့ မာယာဆင်ပြီး ဖြားယောင်းသွေးဆောင်တတ်ကြတယ်။ သူတို့ရဲ့ မာယာနောက်ကို ပါလာတာနဲ့ အစိမ်းလိုက် ဝါးစားပစ်တော့တာပဲ"

"တပည့်တော် မှတ်သားထားပါ့မယ်ဘုရား"

"အသင်မင်းသားလေးအနေနဲ့ မိမိရဲ့ ဣန္ဒြေငါးပါးကို စောင့်စည်း

mgyoe.com

mgyoe.com


ပြီး ဘီလူးမတွေရဲ့ရန်က လွတ်မြောက်အောင် ကြိုးစားပါ။ ခုနစ်ရက်ပြည့် မြောက်တဲ့နေ့မှာ သင်ဟာ တက္ကသိုလ်ပြည်မှာ မင်းအဖြစ်ကို ရလိမ့်မယ်"

"ဘီလူးမတွေရဲ့ အန္တရာယ်ကလွတ်အောင် တပည့်တော် အစွမ်းကုန် ကြိုးစားပါ့မယ်ဘုရား"

"ဒကာမင်းသားလေး စွမ်းဆောင်သမျှ အောင်မြင် ပြီးမြောက်ပါစေသား"

"အရှင်ဘုရား ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ဘုရား"

"ပြည့်စေ... ပြည့်စေ၊ သာဓု... သာဓု... သာဓု"

မင်းသားဟာ သူနဲ့အတူတကွ လိုက်ပါလိုတဲ့ အဖော်ငါးဦးနဲ့အတူ တက္ကသိုလ်ပြည်ရှိရာကို သွားပါတယ်။ ပစ္စေကဗုဒ္ဓါမိန့်ကြားတဲ့ တောအုပ်နေရာကို ရောက်တဲ့အခါ ရွာတစ်ရွာလို ဖန်ဆင်းထားတဲ့ ရွာတစ်ရွာမှာ ဇရပ်တွေဆောက်ထားတာကို တွေ့တာကြောင့်...

"အဖော်တို့၊ ငါတို့ဟာ ဘီလူးမတွေရှိတဲ့ နေရာကိုတော့ ရောက်လာကြပြီ။ သတိထားကြပေတော့။ ဘီလူးမတွေက ငါတို့ကို သူတို့ရဲ့ မာယာတွေနဲ့ ဖြားယောင်းသွေးဆောင်ကြလိမ့်မယ်"လို့ မင်းသားလေးက သူ့အဖော်တွေကို သတိပေးတယ်။

မင်းသားလေးရဲ့ အဖော်ငါးယောက်ထဲက တစ်ယောက်က အလှအပကိုမြင်ရင် ခံမင်တပ်မက်တဲ့ စိတ်ထားရှိတာကြောင့် ဘီလူးမတွေ ဖန်ဆင်းထားတဲ့ ခမ်းနားထည်ဝါတဲ့ ဇရပ်ကိုမြင်ရင် တပ်မက်တဲ့စိတ်နဲ့ နောက်ချန်ပြီး နေခဲ့တယ်။

"ဟေ့လူ...၊ လာလေဗျာ၊ ခရီးဆက်ရအောင်"လို့ မင်းသားလေးက ခေါ်တယ်။

"ကျွန်တော်မျိုးခြေထောက်နာနေလို့ဒီနေရာမှာ ခဏနားပါရစေဦး" လို့ဆိုတယ်။

mgyoe.com

mgyoe.com


"အဆွေ... သင်က ဘီလူးမတွေကို မမြင်ရသေးဘဲ သူတို့ဖန်ဆင်းထားတဲ့ အဆောင်အယောင်တွေကို မြင်ရုံမျှနဲ့ တပ်မက်စိတ်တွေ ဝင်နေပြီထင်တယ်။ ဘီလူးမတွေက သင့်ကိုသတ်ပစ်မယ်ဆိုတာ သတိရပါဦး" လို့ မင်းသားက ပြောပြတယ်။

"ကျွန်တော်ရဲ့ တပ်မက်တဲ့စိတ်ကို ဖျောက်ဖျက်ပစ်လို့ မရဘူး။ ကျွန်တော့်အပြစ်နဲ့ ကျွန်တော်သာ ရှိပါစေတော့..."

"ဒါကတော့... ခင်ဗျားသဘောအတိုင်းပါပဲ"

မင်းသားလေးဟာ သူ့အဖော်လေးယောက်နဲ့ ခရီးဆက်ခဲ့ပြန်တယ်။ ရုပ်အဆင်းကို ခုံမင်နှစ်သက်တတ်တဲ့ ကျန်ခဲ့တဲ့လူဟာ မကြာမီမှာပဲ ဘီလူးမတွေနဲ့တွေ့ပြီး စိတ်ရဲ့အလိုကို လိုက်ခဲ့မိတာကြောင့် ဘီလူးမတွေရဲ့ ကိုက်ဖြတ်စားသောက်တာကို ခံရတယ်။

အဲသလိုနဲ့ ဘီလူးမတွေဟာ မင်းသားလေးရဲ့ အဖော်လေးယောက်တို့ကို သဒ္ဒါရုံ (သာယာပျော့ပျောင်းတဲ့၊ စွဲညို့တဲ့အသံ) နဲ့လည်းကောင်း၊ ဂန္ဓာရုံ (ရာဂစိတ်ကိုထကြွစေတဲ့အနံ့) တွေနဲ့လည်းကောင်း၊ ရသာရုံ (စားချင့်စဖွယ်အစာအာဟာရ) တွေနဲ့လည်းကောင်း၊ ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိကိုမလွန်ဆန်နိုင်အောင်) တွေနဲ့လည်းကောင်း လှည့်ဖြားသွေးဆောင်ကြတယ်။ မင်းသားလေးရဲ့ အဖော်လေးယောက်တို့ဟာ စိတ်မထိန်းနိုင်ဘဲ ကိုယ်လိုက်ပါခဲ့တာကြောင့် ဘီလူးမတွေရဲ့ အစားကိုခံကြရပြန်တယ်။

နောက်ဆုံးမှာ မင်းသားလေး တစ်ယောက်တည်းသာ ကျန်တော့တာပေါ့။

အဲဒီအခါ ဘီလူးမက...

"ဒီယောက်ျားကတော့ အလွန်ပဲ ပညာရှိပုံရတယ်။ သတ္တိလည်းရှိပုံရတယ်။ ဒါပေမဲ့ ဒီယောက်ျားကိုလည်း ငါ့မာယာနဲ့ ဖြားယောင်းသွေး

mgyoe.com

mgyoe.com


ဆောင်ပြီး စားရအောင် ကြံစည်ရတော့မှာပဲ”လို့ဆိုပြီး...

မင်းသားလေးရဲ့နောက်က မိန်းမပျိုဟန်ဆောင်ပြီး လိုက်လာတယ်။ တောအုပ်ထဲမှာ သွားလာနေကြတဲ့ ဘီလူးမတွေကလည်း မိန်းမပျိုဟန်ဆောင်ထားတဲ့ ဘီလူးမနဲ့ အချိတ်အဆက်ပြုပြီး....

“ဟဲ့... မိန်းကလေး ၊ ရှေ့ကသွားနေတဲ့ ယောကျ်ားက သင်နဲ့ ဘာတော်သလဲဟဲ့”လို့ မင်းသားလေးကြားအောင် အော်မေးကြတယ်။

“အဲဒါ ကျွန်မယောကျ်ားပါရှင်”လို့ မိန်းမပျိုဟန်ဆောင်ထားတဲ့ ဘီလူးမက ဖြေတယ်။

အဲဒီအခါ ခရီးသည်တွေလို ဟန်ဆောင်ထားတဲ့ ဘီလူးမတွေက....

“အသင်ယောကျ်ား၊ ဒီမိန်းကလေးဟာ အလွန်ချောမောလှပါပေတယ်။ မိဘကိုစွန့်ပြီး လင်သားနောက်ကို လိုက်လာတယ်။ ဘာလို့ ကိုယ့်မိန်းမကို ယုယကြင်နာစွာ လက်တွဲမခေါ်ဘဲ သင်က ရှေ့ကသွားနေရတာလဲ”လို့ပြောတဲ့အခါ...

မင်းသားလေးက...

“ဟား... ဟား... မိန်းကလေးမဟုတ်တဲ့ မိန်းကလေးမိတ်ဆွေတို့ရယ်၊ ဒီမိန်းကလေးက ငါ့မိန်းမ,မဟုတ်ပါဘူး။ ဘီလူးမသာ ဖြစ်ပေတယ်၊ ဒီဘီလူးမက ငါနဲ့အတူပါလာတဲ့ ငါ့မိတ်ဆွေငါးယောက်ကိုလည်း စားပစ်လိုက်ပြီ”လို့ပြောတာပေါ့။

အဲဒီအခါ ဘီလူးမတွေဟာ ရုတ်ခြည်းပျောက် ကွယ်သွားကြတယ်။ ဘီလူးမဟာ မင်းသားလေးရဲ့နောက်ကို ကိုယ်ဝန်ဆောင်မိန်းမအသွင်နဲ့လည်းကောင်း၊ သားသည်အမေအသွင်နဲ့လည်းကောင်း လိုက်လာပြန်တယ်။ ဘီလူးမက ပရိယာယ်သုံးပြီး အကွက်ဆင် နေတာတွေ ပေါ့ ကလေးတို့ရယ်။

mgyoe.com

mgyoe.com


ဘီလူးမတွေက ရှေးနည်းအတိုင်း မင်းသားလေးကို မေးကြတယ်။ မင်းသားလေးကလည်း… ကိုယ်ဝန်ဆောင်မိန်းမ၊ ကလေးအမေတို့ဟာ လူသားမဟုတ်၊ ဘီလူးမပဲဖြစ်တယ်လို့ ဖြေတယ်။ အဲသလိုနဲ့ မင်းသားလေးက ခရီးဆက်လာခဲ့ရာ တက္ကသိုလ်ပြည်ကို ရောက်လာပါတယ်။

မင်းသားလေးက မြို့တံခါးအနီးက ဇရပ်တစ်ခုမှာ နားနေပါတယ်။ ဘီလူးမဟာ မင်းသားလေးရဲ့ ဘုန်းတန်ခိုးကြောင့် အတွင်းကို ဝင်မရဘဲ မြို့တံခါးအပြင်မှာသာ နေရတယ်။

အဲဒီအချိန်မှာ တက္ကသိုလ်ပြည်ကို အုပ်ချုပ်တဲ့ဘုရင်က မြို့ပြင်ကိုရှုစားဖို့ ဥယျာဉ်ကို ထွက်တော်မူလာတယ်။ မြို့ပြင်ဥယျာဉ်ထဲမှာ လျှောက်သွားနေတဲ့ ဘီလူးမကို မိန်းမပျိုလေးထင်ပြီး…

"အလွန်ချောမောလှပတဲ့မိန်းကလေးပါလား" လို့ဆိုပြီး တပ်မက်စိတ်တွေ ဖြစ်ပေါ်လာတာကြောင့်…

"ဟဲ့… မိန်းကလေး"

"ရှင်"

"သင်က အပျိုစင်လား၊ လင်ရှိမိန်းမလား"လို့မေးတယ်။

ဘီလူးမက ဇရပ်ပေါ်မှာထိုင်ပြီး အမောအပန်းဖြေနေတဲ့ မင်းသားလေးကို လက်ညှိုးနဲ့ ညွှန်ပြပြီး…

"သူက ကျွန်မယောက်ျားပါ"လို့ပြောတယ်။

အဲသလို ဘီလူးမကပြောတာကို ကြားတဲ့ မင်းသားလေးက…

"မဟုတ်ရကြောင်းပါဘုရား။ဒီမိန်းမကဘီလူးမဖြစ်ပါတယ်။ ကျွန်တော်မျိုးနဲ့အတူပါလာတဲ့ အဖော်ငါးဦးကို သတ်စားထားတဲ့ ဘီလူးမ" လို့လျှောက်တင်တယ်။

"အမောင်လုလင်… ဒီမိန်းမပျိုဟာ… သင့်မိန်းမ,မဟုတ်တာ အမှန်ပဲလား"

mgyoe.com

mgyoe.com


"အမှန်ပါပဲဘုရား"

"အင်း... သင်ရဲ့မယားမဟုတ်တာ သေချာရင်တော့..."

ဂန္ဓာရတိုင်းပြည်ရဲ့ဘုရင်က ဘီလူးမကို နန်းတော်ထဲကိုခေါ်သွားပြီး မိဖုရားအရာမှာထားတယ်။

တစ်ညမှာတော့ ဘုရင်ကမိဖုရားအရာပေးထားတဲ့ ဘီလူးမက ထပြီးငိုတယ်။

"ဟဲ့... နှမတော်၊ ဘယ့်အတွက်ကြောင့် ငိုရတာလဲ"လို့ ဘုရင်က ထိတ်ထိတ်ပျာပျာဖြစ်ပြီး မေးတယ်။

ဘီလူးမက...

"အရှင်မင်းကြီး၊ နှမတော်ဟာ အရှင်မင်းကြီးရဲ့ များပြားလှတဲ့ မိဖုရားတွေရဲ့ အလယ်မှာနေရပါတယ်။ မိဘဆွေမျိုးဆိုတာကလည်း ဘာမှန်းမသိ။ လမ်းကနေ တော်ကောက်ခဲ့ရတဲ့ မိဖုရားဆိုပြီး ပြောဆိုခံရပါတယ်။ နှမတော်မှာ မျက်နှာငယ်ရပါတယ်။ အဲဒါကြောင့် နှမတော်ကို နယ်တစ်နယ်ကိုပဲဖြစ်ဖြစ်၊ တစ်ပြည်လုံးကိုပဲဖြစ်ဖြစ်၊ အာဏာကိုပဲဖြစ်ဖြစ် ပေးသနားတော်မူပါဘုရား"လို့လျှောက်တင်တယ်။

ဂန္ဓာရတိုင်းပြည်ရဲ့ဘုရင်က....

"နှမတော်၊ သင်တောင်းဆိုသမျှတွေဟာ လုံးဝမဖြစ်နိုင်ပေဘူး" လို့မိန့်တယ်။

ဘီလူးမက မျက်နှာကို ညှိုးငယ်ပြပြီးတော့...

"နှမတော်ဟာ နန်းတော်အတွင်းမှာ မျက်နှာငယ်ရတာကြောင့် တောင်းဆိုရတာပါဘုရား။ ပေးသနားတော်မူပါဘုရား"လို့ ဆို့နစ်နေတဲ့ မာယာသံနှောပြီးပြောတယ်။

"မဖြစ်နိုင်ပါဘူး နှမရယ်"

အဲဒီအခါ ဘီလူးမက...

mgyoe.com

mgyoe.com


"အဲသလိုဆိုပါရင် နှမတော်ကို နန်းတော်အတွင်းမှာသာ အာဏာပေးသနားတော်မူပါဘုရား"လို့ ငိုယိုပြီး လျှောက်တင်တယ်။

ဘုရင်ကလည်း ဘီလူးမရဲ့အလှအပကို ခုံမင်နှစ်သက်နေမိတာကြောင့် ငြင်းဆန်ဖို့ဆိုတာ မဖြစ်နိုင်တော့တာမို့ နန်းတော်တွင်းအာဏာကို ဘီလူးမကို ပေးလိုက်ရတယ်။

တစ်ည ဘုရင်ကြီးစက်တော်ခေါ်နေတော်မူတဲ့အချိန်မှာ ဘီလူးမက သူ့ရဲ့ဘီလူးတွေကိုခေါ်ပြီး မင်းကြီးနဲ့တကွ နန်းတော်တွင်းမှာရှိတဲ့ ယောကျ်ား၊ မိန်းမ၊ ကြက်၊ ဘဲ၊ ဝက်၊ နွား၊ ခွေးတွေကိုပါမကျန်အောင် ကိုက်သတ်စားပစ်လိုက်တယ်။

နံနက်လင်းတဲ့အခါ အရိုးတွေစုပုံနေတာကို လူတွေကမြင်ကြရတယ်။ အဲဒီအခါ တိုင်းသူပြည်သားတွေက...

"ဒီမိန်းမဟာ လူသားစင်စစ်မဟုတ်ဘူး။ ဘီလူးမလို့ပြောတဲ့ ယောကျ်ားဟာ မှန်တဲ့စကားကိုပြောတဲ့ သူသာဖြစ်ပေတယ်။ ဒီယောကျ်ားကို ဘုရင်တင်မြှောက်ရရင် ငါတို့တိုင်းပြည်ဟာ ချမ်းသာလာမှာ ဧကန်ပဲ"လို့ ယုံကြည်သွားကြတာကြောင့် မင်းသားလေးကို ဂန္ဓာရတိုင်းပြည်ရဲ့ဘုရင်အဖြစ် တင်မြှောက်ကြပါတယ်။

မင်းသားလေးဟာ တရားနဲ့အညီမင်းပြုပြီး တိုင်းပြည်တွင်းမှာရှိကြတဲ့ ပြည်သူပြည်သားတို့ရဲ့ ဘဝတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးတယ်။

တိုင်းသူပြည်သားအားလုံးကို ငါးပါးသီလ စောင့်ထိန်းခိုင်းပြီး အလှူဒါနတွေကို နေ့စဉ်နေ့တိုင်း ပြုလုပ်စေပါတယ်။

ဒီဘဝပြုခဲ့တဲ့ ဒါန၊ သီလရဲ့ အကျိုးတရားတွေဟာ နောက်ဘဝအဆက်ဆက်မှာ ထူးကဲတဲ့ အကျိုးရလဒ်တွေ ရရှိစေတာကို မင်းနဲ့တကွ ပြည်သူအားလုံးတို့က သိရှိပြီးဖြစ်လို့ ဒါနမှု၊ သီလမှုတွေကို ဆတက်ထမ်း

mgyoe.com

mgyoe.com


ပိုး ပြုကျင့်ကြတယ်။

"ဆီအပြည့်ရှိတဲ့ခွက်ကို ဆီမဖိတ်စင်ရအောင် သယ်ဆောင်ရသလို ပဲ နောင်ဘဝအဆက်ဆက်တွေမှာ ကောင်းမွန်တဲ့ ဘဝအခြေအနေနဲ့ ခံ စားနိုင်ဖို့အတွက် ဒီဘဝမှာ အခွင့်အခါပေးသလို လျှူရမယ်။ သီလစောင့် ထိန်းကြပါလို့ ကလေးတို့ကို အဘိုးက အထူးမှာချင်တယ်ကွယ်"

"ဟုတ်ကဲ့ပါအဘိုး"

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## မိမိမကောင်းညာဏ် ကိုယ်သာခံ

ကလေးတို့ရေ…

စိတ်ချမ်းသာခြင်းရဲ့ တန်ဖိုးကို စိတ်မချမ်းမသာ ဖြစ်ရတဲ့အခါမှ သာ လူတွေကသဘောပေါက်ကြတယ်။ လူတွေဟာ မိမိကိုယ်တိုင် စိတ်ချမ်းသာတာကို တန်ဖိုးထားသလောက် တစ်ဖက်သားရဲ့ စိတ်ချမ်းသာမှုကိုတော့ တန်ဖိုးမထားကြဘဲ စိတ်ဆင်းရဲရာ၊ စိတ်ဆင်းရဲကြောင်း ဖြစ်စေတဲ့ ကုန်းချောခြင်း၊ ရန်တိုက်ခြင်းအမှုတွေကို ပြုလွယ်၊ ပြောလွယ်တတ်ကြတာဟာ ကိုယ်ချင်းစာတရား ခေါင်းပါးမှုနဲ့ (သူ့အရင်ဖျက် ကိုယ်လျှင်ပျက်)ဆိုတဲ့ တရားသဘောကို တွေးတောထိတ်လန့်မှု မရှိတာတွေကြောင့်လို့ ဆိုရပေမယ်။

အင်း… တစ်နည်းပြောရမယ်ဆိုရင်တော့ မိမိကတော့ စိတ်ချမ်းသာစေဖို့ တစ်ဖက်သားကို ရန်တိုက်၊ ကုန်းချော မကောင်းပြောတဲ့အလုပ်ဟာ လူညံ့တွေရဲ့ အလုပ်ပဲဖြစ်တယ်ဆိုတာ ကလေးတို့အနေနဲ့ မှတ်သားထား

mgyoe.com

mgyoe.com


ကြရမယ်။ မိမိရဲ့အကျိုးစီးပွား အတွက်ဖြစ်စေ၊ တမင်သက်သက် မုန်းတီးလို့ပဲဖြစ်စေ ရန်တိုက်၊ ကုန်းချောတာတွေကို လုပ်လို့ တစ်ဖက်သားမှာ နစ်နာဆုံးရှုံးနှလုံးပူပန်ခြင်းတွေ ဆိုပါစို့ကွယ်။ တစ်နေ့နေ့ကျရင်တော့ မိမိတို့ကိုယ်တိုင်လည်း ဒဏ်ပြန်ခံရတတ်တာမို့ ပစ္စုပ္ပန်တမလွန်မှာ ရွံရှာစက်ဆုပ်မုန်းတီးစရာအလုပ်လို့ သဘောထားပြီး ရှောင်ကြဉ်သင့်လှပေတယ်။

သူတစ်ပါး ဒုက္ခရောက်အောင် ကြံစည် အားထုတ်ခဲ့တာကြောင့် မိမိအလှည့်မှာ ပြန်လည် ဒုက္ခရောက်ရတဲ့ ပုံပြင်လေးတစ်ပုဒ်ကို အဘိုးက ကလေးတို့ကို ပြောပြချင်တယ်။

ရှေးအခါတုန်းက ဝံတစ်ကောင်ဟာ ကြို့ပင်အောက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေရှာတယ်။ အဲ့ဒီအချိန်မှာ လေပြင်းတွေက တိုက်ခတ်လာတယ်။ ကြို့ပင်ပေါ်ကသစ်ကိုင်းခြောက်ဟာ လေပြင်းတိုက်ခတ်လို့ ကျိုးပဲ့ပြီး သစ်ပင်အောက်မှာ အိပ်ပျော်နေတဲ့ ဝံရဲ့ကိုယ်လုံးပေါ်ကို ကျတယ်။

"ဂျွတ်"

"ဒုတ်"

"အား... အောင်မလေး... ကျွတ်... ကျွတ်"

ဝံဟာ နာကျင်သွားတာကြောင့် ကြောက်လန့်ပြီး ထွက်ပြေးတယ်။ ဝံက နောက်ကို ပြန်လှည့်ကြည့်လိုက်တဲ့အခါ ရန်သူတစ်စုံတစ်ယောက်ကိုမှ မတွေ့ရတာကြောင့်...

"ဟင်... ဘယ်သူမှလည်း မရှိပါလား။ ငါ့ကို နာကျင်သွားအောင် ဘယ်သူက လုပ်ရတာလဲ။ ငါ့ကိုနာကျင်အောင်လုပ်တာဟာ တောတွင်းရာဇာ ကျား၊ ခြင်္သေ့တို့တော့ မဟုတ်တန်ရာဘူး။ ဟင်း... ဟိုကြို့ပင်မှာစောင့်တဲ့ ကြို့ပင်စောင့်နတ်က ငါနှစ်ခြိုက်စွာ အိပ်ပျော်နေတာကို မကြည့်ရက်လို့ ငါ့ကိုယ်ပေါ်ကို သစ်ကိုင်းခြောက်ချိုးချလိုက်တာ နေ

mgyoe.com

mgyoe.com



မှာပဲ”လို့ဒေါသဖြစ်နေတဲ့ဝံက ကြို့ပင်အောက်သို့ ပြန်လာပြီး အပင်ပေါ် ကို မော့ကြည့်ကာ...

“ဟဲ့... သစ်ပင်စောင့်နတ်၊ ငါဆိုတဲ့ကောင်က သင်နေတဲ့သစ်ပင်ရဲ့ သစ်ရွက်ခြောက်ကိုတောင် စားတာမဟုတ်ဘူး။ သစ်ခက်သစ်ကိုင်းတွေ ကိုလည်း ချိုးဖဲ့ဖျက်ဆီးခဲ့တာမျိုးလည်း မရှိခဲ့ပါဘူး။ သို့ပါလျက် သင်က ငါ့ကို အနာတရ,ရအောင် ဘယ်အတွက် လုပ်ရတာလဲ။ ငါက သင့်ကို လုံးဝမကျေနပ်ဘူး။ နေနှင့်ဦးပေါ့။ နင်နေတဲ့သစ်ပင်ကို ပျက်စီးအောင် ငါဖျက်ဆီးပြမယ်”လို့ အရာမဟုတ်တာကို စိတ်နာပြီး ရန်ငြိုးဖွဲ့တော့ တယ်။

ဝံဟာ စိတ်ဆိုးမာန်ဆိုးနဲ့ တောတွင်းထဲကို ထွက်လာခဲ့တယ်။ လမ်းမှာ ဝံဟာ လှည်းရထားလုပ်တဲ့ လက်သမားတစ်ဦးနဲ့တွေ့တယ်။ ဝံက လက်သမားကို...

“အသင်လူသား၊ သင်ကတောထဲကို ဘာလုပ်ဖို့ လာတာလဲ”လို့ မေးပါတယ်။

လက်သမားက...

“လှည်းရထားလုပ်ဖို့ တောထဲမှာ သစ်ရှာထွက်ခဲ့တာပါ”လို့ပြော တယ်။

ဝံက ကြို့ပင်စောင့်နတ်ကို မကျေမနပ်ဖြစ်နေတာကြောင့်...

“အဟင်း...ဟင်း... ငါ့ရဲ့အလိုဆန္ဒကတော့ ပြည့်တော့မယ်”

ဆိုပြီး ဝမ်းသာနေတယ်။

“ဗျို့... အဆွေလက်သမား၊ လှည်းကွပ်ဖို့ဆိုရင် ကြို့ပင်ရဲ့အသား က အကောင်းဆုံးပါပဲ။ ကြို့ပင်ရှိတဲ့နေရာကို ကျုပ်လိုက်ပြပေးပါ့မယ်” လို့ပြောပြီး လက်သမားကို ကြို့ပင်ရှိတဲ့နေရာကို ခေါ်သွားတယ်။

လက်သမားက ဝမ်းသာအားရနဲ့ ကြို့ပင်ကို ခုတ်လှဲမယ်လို့

mgyoe.com

mgyoe.com


ပြင်ဆင်တဲ့ အခါ ကြို့ပင်စောင့်နတ်က...

"အင်း... ဝံက ငါ့ကိုအထင်လွဲပြီး ငါနေတဲ့သစ်ပင်ကို ပျက်စီးအောင် လက်သမားကို အယုံသွင်းပြီး သစ်ပင်ကို ခုတ်လှဲခိုင်းနေပြီ။ ငါနေထိုင်တဲ့နေရာကို ဖျက်ဆီးမှတော့ ဒင်းကိုလည်း ဒုက္ခရောက်အောင် ငါလုပ်ရတော့မှာပဲ"လို့တွေးပြီး ကြို့ပင်စောင့်နတ်က လက်သမား မြင်သာအောင် ကိုယ်ထင်ပြလေတယ်။

"အသင်လူသား၊ သစ်ပင်အောက်ကို ဘာလုပ်မလို့ ရောက်နေရတာလဲ"လို့ မသိဟန်ဆောင်ပြီး မေးတယ်။

လက်သမားက...

"လှည်းလုပ်ဖို့ ကြို့ပင်ကို ခုတ်လှဲမလို့ပါ"လို့ ပြန်ဖြေတယ်။

ကြို့ပင်စောင့်နတ်က...

"အသင်လူသား၊ လှည်းလုပ်ရင် ကြို့ပင်ရဲ့အသားက ကောင်းတယ်လို့ ဘယ်သူကပြောတာလဲ"လို့ ပြန်မေးတယ်။

လက်သမားက...

"တောထဲမှာတွေ့တဲ့ တိရစ္ဆာန်တစ်ကောင်က ပြောတာပဲ"လို့ဖြေတယ်။

ကြို့ပင်စောင့်နတ်က...

"လှည်းလုပ်ရင် ကြို့ပင်ရဲ့အသားက ကောင်းတာတော့ ဟုတ်ပါပြီ။ ဝံသားရေလက်လေးသစ်ကို လှည်းရထားကွပ်တဲ့နေရာမှာ ပစ်ရစ်ရင် လှည်းကပိုပြီး ခိုင်ခံ့တယ် ဆိုတာကိုရော သင်မသိဘူးလား"လို့ပြောတယ်။

လက်သမားက...

"မသိပါဘူးခင်ဗျာ"လို့လက်သမားက ရိုးသားတဲ့စိတ်ရင်းအတိုင်းဖြေတယ်။

"အသင်လူသား၊ ကျုပ်ပြောတဲ့အတိုင်းသာ လုပ်စမ်းပါ။ ခင်ဗျား

mgyoe.com

mgyoe.com



လုပ်တဲ့လှည်းကပိုမိုခိုင်ခံ့ပြီး လှည်းရဲ့တန်ဖိုး များစွာရမှာ သေချာပါတယ်"

"အခုလိုအကြံပေးတာ ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ... ရွာသားအချင်းချင်း အကြံပေးရမှာပေါ့"

"ဩော်... ဒါနဲ့နေပါဦးမိတ်ဆွေရဲ့။ ခင်ဗျားပြောတဲ့ ဝံက ဘယ်မှာ ရနိုင်မှာလဲ"လို့ လက်သမားက ပြန်မေးတယ်။

"လွယ်ကူတာကို အခက်လုပ်နေတယ် လက်သမားရယ်။ ခင်ဗျားကို လှည်းလုပ်ရင် ကြို့ပင်သားကောင်းတယ်လို့ အကြံပေးတာ ဝံဆိုတာ ပေါ့ဗျာ"

"ဝံကို ဘယ်လိုဖမ်းရမလဲ မိတ်ဆွေရဲ့"

"ဘာခက်တာမှတ်လို့ဗျာ။ ဝံကို ကြို့ပင်ကို ဘယ်နေရာက ဘယ်နေရာအထိ ခုတ်ရလဲဆိုတာ လိုက်ပြပေးပါဆိုပြီး ခေါ်လာခဲ့။ ခင်ဗျားအနားကို ရောက်လာတော့မှ ဝံကိုသတ်ပြီး အသားကိုစား၊ သားရေကို လှည်းမှာအသုံးပြုပေတော့"

"ကောင်းလိုက်တဲ့အကြံဉာဏ်ဗျာ"

လက်သမားက ကြို့ပင်စောင့်နတ် ပြောတဲ့အတိုင်း ဝံကို လှည့်ဖြားခေါ်လာပြီး သတ်ပစ်လိုက်တယ်။ အဲဒီနောက် ကြို့ပင်ကိုခုတ်လှဲပြီး သစ်လုံးကိုထမ်းတယ်။ ဝံသေကိုယူပြီး လက်သမားက ရွာကိုပြန်လာခဲ့တယ်။

ကိုယ်ရဲ့ သူတစ်ပါးအပေါ် မကောင်းကြံမှုဟာ ကိုယ့်ကို ပြန်ခံရတတ်တယ်ဆိုတာ ကလေးတို့ သင်ခန်းစာ ယူကြစေချင်လို့ အဘိုးက ပြောပြရတာပဲ။ ကလေးတို့က ဒီပုံပြင်ထဲက သူတစ်ပါးကို မကောင်းကြံတဲ့ ဝံရဲ့စိတ်ထားမျိုး မွေးကြမှာလား။


"မမွေးပါဘူး အဘိုး"

"လိမ္မာလိုက်တဲ့ ကလေးတွေရယ်..."

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## လူဆိုးနက္ခတ်နဲ့ မွေးဖွားလာသူ

ရပ်ကွက်အတွင်းမှ ကလေးများက ခြံဝင်းတံခါးကို ဆောင့်တွန်းပြီး ခြံဝင်းထဲသို့ ပြေးဝင်လာကြသည်။ ထို့နောက် အဘိုးဦးဘသိန်း၏ အိမ်ပေါ်သို့ လှေကားမှတစ်ဆင့် ပြေးတက်လာကြသည်။

"ဟဲ့... ကလေးတွေ၊ ဘာလို့ ပြေးလာကြရတာလဲ။ ချော်လဲရင် ဒဏ်ရာရကြမယ်ဆိုတာ မသိကြဘူးလား"

အဘိုးဆရာသိန်းက ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ဆေးတံကို သောက်နေရင်းက ပြောသည်။

"သိပါတယ် အဘိုး"

"သိပါလျက်နဲ့လုပ်တာက ပိုဆိုးတယ်ကွဲ့။ အေးအေးဆေးဆေး လမ်းလျှောက်လာရင်လည်း အဘိုးအိမ်ကို ရောက်တာပဲ မဟုတ်လား ကလေးတို့ရဲ့"

"ရောက်တာပါပဲ။ သားတို့ပြေးမလာတော့ပါဘူး"

mgyoe.com

mgyoe.com


"ကလေးတို့ ထမင်းစားပြီးကြပြီလား"

'ဟုတ်ကဲ့၊ စားပြီးပါပြီ။ ရွှေမိကတော့ မိုးချုပ်ကာနီးမှ သူ့အမေနဲ့ အတူ ကျွဲခြံအင်းရွာက ပြန်လာလို့ ထမင်းစားပြီးမှ လာပါလိမ့်မယ်"

"လူမစုံသေးဘူးဆိုတော့ ထိုင်နေကြဦး။ ငြိမ်ငြိမ်ကလေး ထိုင်နေဖို့ ပြောတာနော်... အဘိုး ဘုရားရှိခိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ အဘိုး"

အဘိုးဦးဘသိန်းက ဘုရားရှိခိုးခန်းထဲသို့ ဝင်သွားသည်။ ကလေးငယ်တို့က အဘိုးဦးဘသိန်း၏ ဘုရားရှိခိုးသံကို နားထောင်နေကြသည်။ ထိုစဉ်တွင် ရွှေမိက လှေကားမှတစ်ဆင့် အိမ်ပေါ်သို့ တက်လာသည်။ အဘိုးဆရာသိန်းက ဘုရားရှိခိုးပြီး၍ အမျှအတန်းပေးဝေလျှင် ကလေးငယ်များက သာဓုသုံးကြိမ် ရွတ်ဆိုကြသည်။ အဘိုးဦးဘသိန်းသည် ဘုရားရှိခိုးခန်းထဲမှ ထွက်လာသည်။

"ကလေးတို့ လူစုံကြပြီလား"

"လူစုံပါပြီ အဘိုး"

အဘိုးဦးဘသိန်း၏ ပက်လက်ကုလားထိုင်၏ ဘေးတွင် ရပ်ကွက်အတွင်းမှ ကလေးငယ်များက ထိုင်နေကြသည်။

"အင်း... ဒီညတော့ ကလေးတို့ကိုအဘိုးက ဆိုးမိုက်တဲ့စိတ်တွေနဲ့ ဗုဒ္ဓဘုရားရှင်ကို ပြစ်မှားစော်ကားမိပေမဲ့ အဲဒီအပြစ်တွေကို သိမြင်လာတဲ့အခါ မကောင်းမှုတွေကို ဖယ်ရှားပြီး ဘုရားရှင်ရဲ့တရားတော်တွေကို နာကြားရာက နိဗ္ဗာန်ဝင်သွားတဲ့ လူကြီးတစ်ယောက်ရဲ့ အကြောင်းကို ပြောပြမယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အဘိုး"

"ကဲ... အဘိုးပြောတော့မယ်။ ငြိမ်ငြိမ်ကလေးနေပြီး နားထောင်ကြတော့။ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်

mgyoe.com

mgyoe.com


မူစဉ်အခါကပေါ့ကွယ်။ ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ကောသလမင်းကြီးရဲ့ ပုရောဟိတ်တစ်ဦးဟာ သားတော်တစ်ပါးကို ဖွားမြင်ပါတယ်။ ပုရောဟိတ်ဆိုတာကို ကလေးတို့ သိကြတယ်မဟုတ်လား"

"သိပါတယ်အဘိုး၊ ပညာရှိပုဏ္ဏားကို ပြောတာပါ"

"မှန်တာပေါ့ကွယ်။ အဲဒီပုရောဟိတ်က သူတို့ရဲ့ အမူအကျင့်အတိုင်း မွေးဖွားလာတဲ့ သူ့ရဲ့သားဇာတာကို သူ့ပညာအစွမ်းနဲ့ ဇာတာတွက်ချက်ကြည့်၊ လက္ခဏာဖတ်ကြည့်တဲ့အခါ အတော်ကလေး တုန်လှုပ်ချောက်ချားသွားတယ်။ ဘာဖြစ်လို့လဲသိကြလား ကလေးတို့"

"မသိပါဘူး အဘိုး"

"ပုရောဟိတ်က သူ့သားဇာတာ၊ လက္ခဏာနဲ့ ကောင်းကင်ကနက္ခတ်ကိုကြည့်ပြီး ဘုရား... ဘုရား... အခုမွေးလာတဲ့ ငါ့ရဲ့သားဟာ လူဆိုးသူခိုးနက္ခတ် နှစ်ကြိမ်ကြုံပြီး မွေးဖွားလာသူပါလား"လို့ စိုးရိမ်စွာ ညည်းတွားပြီး ကောသလမင်းကြီးဆီကို သွားရောက် အခစားဝင်တော့တာပေါ့။

ကောသလမင်းကြီးကလည်း ဒီပုရောဟိတ် ဘာအကြောင်းကြောင့်များ အခစားဝင်လာပါလိမ့်ဆိုပြီး အံ့ဩနေတာပေါ့။ ပုရောဟိတ်က...

"အရှင်မင်းကြီးဘုရား"

"ဟဲ့... ပုရောဟိတ်ကြီးရဲ့၊ ဘာများ အရေးကိစ္စထူးလို့ အခစားဝင်ရတာလဲ။ လျှောက်တင်စမ်းပါဦး"

"ဒီ... ဒီလိုပါဘုရား။ ကျွန်တော်မျိုးရဲ့မယားက ဒီနေ့ သားယောကျ်ားလေးမွေးဖွားပါတယ်ဘုရား"

"ဟာ...ပုရောဟိတ်ကြီးရဲ့ သားယောကျ်ားလေးမွေးတာ ကောင်းတာပေါ့။ ငါ့တိုင်းပြည်အတွက် အင်အားဖြစ်တာပေါ့"

mgyoe.com

mgyoe.com


"လျှောက်တင်ပါရစေဦးဘုရား။ ကျွန်တော်မျိုးသားရဲ့ ဇာတာကို စစ်ဆေးကြည့်တဲ့အခါ လူဆိုးသူခိုးနက္ခတ် နှစ်ခါကြုံနေပါတယ်ဘုရား။ အဲဒါကြောင့် အရှင်မင်းကြီးအား လာရောက်လျှောက်တင်ရတာပါ ဘုရား"

"အဲ... အဲဒါဆို ဘာ ...ဘာဖြစ်တတ်သလဲ ပုရောဟိတ်ကြီး"

"အဲဒီကလေးဟာ လူဆိုးသူခိုးဖြစ်မှာမို့အစကတည်းက ဖျောက်ဖျက်သင့်ပါတယ်ဘုရား"လို့လျှောက်တင်တာပေါ့။

"ဟဲ့... ပုရောဟိတ်ကြီးရဲ့ ၊ အခုမှ လူ့လောကထဲရောက်လာတဲ့ ကလေးလေးကို ကွပ်မျက်ဖို့လို့ သင့်တော်ပါ့မလား"

"တိုင်းပြည်နဲ့ ပြည်သူတွေအပေါ် ဒုက္ခပေးမယ့်သူဆိုရင် သားသမီးအရင်းဖြစ်ပေမဲ့ သုတ်သင်ပစ်ရပါမယ်ဘုရား။ မိမိသွေးသားမှန်ပေမဲ့ တိုင်းပြည်နဲ့ပြည်သူတွေရဲ့ အရေးကို ကြည့်ရပါမယ်ဘုရား"

"အဲဒီကလေးက သူတစ်ယောက်တည်း ဆိုးမိုက်မှာလား၊ အများနဲ့ငါ့တိုင်းပြည်နဲ့ပြည်သူတွေအပေါ် ဒုက္ခပေးမှာလား"လို့ ကောသလမင်းကြီးက ပုရောဟိတ်ကို မေးတာပေါ့။

ပုရောဟိတ်က...

"သူတစ်ယောက်တည်း ဆိုးသွမ်းဒုက္ခပေးမှာပါဘုရား"လို့လျှောက်တင်တာပေါ့။

"ဟေ... အဲဒါဆိုရင်တော့ မောင်မင်းရဲ့သားကို မဖျောက်ဖျက်ပါနဲ့။ ကောင်းမွန်စွာမွေးပါ။လူ့ဘဝဆိုတာ ရခဲလှတယ်မဟုတ်လား။ မောင်မင်းရဲ့သား အရွယ်ရောက်လာတော့လည်း ပြောဆိုသွန်သင်ဆုံးမကြည့်ပေါ့။ လိမ္မာရင်လိမ္မာလာမှာပေါ့"

ပုရောဟိတ်ကြီးက ကောသလမင်းကြီးရဲ့ မိန့်စကားကို မပယ်ရှားဝံ့တာမို့ ရွှေနန်းတော်က စိတ်ပျက်စွာနဲ့ ပြန်လာခဲ့တယ်။ ပုရောဟိတ်

mgyoe.com

mgyoe.com


ကြီးက သူ့ပညာကို သူယုံကြည်ပြီးသားလူဆိုတော့ သူ့သားလေးရဲ့ အနာဂတ်ကိုတွေးပြီး ရင်လေးနေတာပေါ့။

ပုရောဟိတ်ကြီးဟာ သူ့ရဲ့သားကို အမည်မှည့်မယ့်နေ့မှာ အမျိုးအနွယ်ကို မနှိပ်စက်စေရဘူးဆိုတဲ့ အတိတ်နိမိတ်ကိုယူပြီး ဟိံသက (ဟိန်သက လို့အသံထွက်ရတယ်) လို့အမည်ပေး မှည့်ခေါ်စေပါတယ်။

ဟိံသကအရွယ်ရောက်လာတဲ့အခါ တက္ကသိုလ်ပြည်ကြီးကို စေလွှတ်ပြီးတော့ ယောကျ်ားတို့တတ်အပ်တဲ့ ပညာစုံကို သင်ကြားစေပါတယ်။ ဟိံသကပညာသင်ကြားရာမှာ အခကြေးငွေမပေးဘဲ ပညာသင်ကြားပေးတဲ့ဆရာကို အလုပ်အကျွေးပြုပြီးတော့ ပညာသင်ကြားတဲ့နည်းကို ဖခင်ပုရောဟိတ်ကြီးက သင်ကြားပေးထားတယ်။

ဟိံသကဟာ တပည့်ဝတ္တရားကို ဆောင်ရွက်တဲ့အခါမှာ အလွန်တာဝန်ကျေပွန်တဲ့သူတစ်ယောက်ဖြစ်ပေတယ်။ အဲဒါကြောင့် တက္ကသိုလ်ဆရာကြီးနဲ့ သူ့သားမယားတွေကပါ ဟိံသကကို ချစ်ခင်ကြတာပေါ့။ အဲဒါကို တခြားတပည့်တွေက ဟိံသကအပေါ် မနာလိုမုန်းတီးကြတယ်။ အဲဒီတခြားတပည့်တွေက ဆရာကြီးရဲ့ သားမယားတွေ မရှိတဲ့အခါ ဆရာကြီးရဲ့အနားကိုချဉ်းကပ်ပြီး...

"ဆရာကြီးကို အသိပေးစရာရှိလို့ ပြောပါရစေ"

"ဘာများလဲပြောစမ်းပါဦး တပည့်တို့ရဲ့..."

"ဒီလိုပါဆရာကြီး၊ နားနဲ့မနာ ဖဝါးနဲ့နာပါခင်ဗျာ"

"ဟင်... ဘာအကြောင်းများမို့လဲ"

"ဟိံသကဟာ ဆရာကြီးရဲ့မယားနဲ့ တိတ်တိတ်ပုန်းညားနေကြတယ်။ ဆရာကြီးကို မကောင်းကြံဖို့ ကြံရွယ်နေကြပါတယ်..."

"ဟုတ်ရဲ့လားကွယ်။ ဟိံသကနဲ့ ဆရာကြီးရဲ့မိန်းမတို့ဟာ သားနဲ့မိခင်ပမာ ချစ်ခင်ကြတာပါကွယ်..."

mgyoe.com

mgyoe.com


"တကယ်ပြောတာပါဆရာကြီး၊ ကျွန်တော်တို့ လိမ်ညာမပြောရဲပါဘူး။ သူတို့ချစ်ကျွမ်းဝင်နေတာကို မြင်တွေ့မိလို့ ပြောပြရတာပါ..."

"သူပြောသလို မင်းရော...မြင်သလား"

"မြင်ပါတယ်ဆရာကြီး"

"တောက်... ဟိသကဟာ တော်တော်သစ္စာမဲ့တဲ့သူပါလား"

တက္ကသိုလ်ဆရာကြီးက တပည့်တွေရဲ့ ကုန်းတိုက်စကားကို အမှန်ထင်မှတ်ပြီး ဟိသကအပေါ် သတ်ဖြတ်ပစ်ချင်လောက်အောင် မုန်းသွားတာပေါ့။

"ဟိသကကို ဒီလိုသတ်ပစ်လို့တော့ မဖြစ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဟိသကကို သတ်လိုက်ရင် ဆရာကြီးက ပညာသင်ဖို့လာတဲ့တပည့်တွေကိုသတ်တယ်လို့ သတင်းပျံ့သွားပြီး ငါ့ဆီကို ဘယ်တပည့်ကမှ ပညာသင်ဖို့ လာမှာမဟုတ်တော့ဘူး။ ဒီတော့ မျက်ကွယ်ရာမှာ တစ်ပါးသူကို သတ်ခိုင်းရမယ်"လို့ဆရာကြီးက တွေးပြီး ဟိသကကို ခေါ်တယ်။

ဆရာကြီးက..

"ချစ်သားဟိသက၊ သင့်ကိုငါဟာ သားသမီးတစ်ယောက်လို ချစ်ခင်ပါတယ်။ သင့်ကို ယောကျ်ားတို့တတ်အပ်တဲ့ပညာတွေကိုလည်း သင်ကြားပေးခဲ့ပြီးပါပြီ။ ဆရာကြီးက အသက်အရွယ်အိုမင်းလာပြီဆိုတော့ ပညာတွေစုံလင်သွားအောင် အမြန်ဆုံးသင်ကြားပေးချင်တယ်။ ဒါပေမဲ့ မင်းကငါ့ကို တစ်စုံတစ်ရာနဲ့ပူဇော်မှ မင်းကိုသင်ကြားပေးမယ်လို့ ငါ စိတ်ကူးထားမိတယ်"လို့ပြောတယ်။

ဟိသက,က...

"ဘယ်လိုအရာနဲ့ပူဇော်ရမလဲ ဆရာကြီး"လို့ သူ့ဆရာကို ပြန်မေးတယ်။

mgyoe.com

mgyoe.com


"ငါ့ကို လူတွေရဲ့လက်ညှိုးတစ်ထောင်ကို ရှာလာပြီး ပူဇော်ရမယ်"

ဟိံသကမှာတော့ တက္ကသိုလ်ဆရာကြီးက ပရိယာယ်စကားနဲ့ ဒုက္ခရောက်အောင် ပြောလိုက်တာကို သူကမသိရှာဘူး။ ဟိံသကဟာ အတတ်ပညာကို လိုချင်တာကြောင့် လူတွေရဲ့လက်ညှိုးတွေကို ဖြတ်ယူဖို့ လက်နက်ကိုယူတယ်။ တစ်ခုသောတောအုပ်ထဲမှာ ငြိမ်ငြိမ်ကလေးပုန်းနေတယ်။ ဟိံသက,က တောအုပ်အတွင်းကို ဖြတ်လာတဲ့လူတွေကို သတ်ဖြတ်ပြီး လက်ညှိုးတွေကို ဖြတ်ယူတယ်။

ဟိံသက,က လူတွေဆီက ဖြတ်ယူထားတဲ့ လက်ညှိုးတွေကို သစ်ပင်၊ သစ်ခွကြားတွေမှာ တင်ထားတာမို့ ကျီးငှက်တွေက ကိုက်ချီယူသွားကြတာပေါ့။

"ဟင်... ငါဖြတ်ယူထားတဲ့ လက်ညှိုးတွေကို ကျီးငှက်တွေက ကိုက်ချီသွားကြတာကိုး။ ဒီလိုဆိုရင်... ဆရာကြီးကို ပူဇော်ရမယ့် လက်ညှိုးတစ်ထောင်က ဘယ်တော့မှ ပြည့်မှာမဟုတ်ဘူး"လို့တွေးမိပြီး...

ဟိံသကဟာလူတွေကို သတ်ပြီးဖြတ်ယူထားတဲ့ လက်ညှိုးတွေကို အပေါက်ဖောက် ကြိုးနဲ့သီကုံးပြီး လည်ပင်းမှာ ပန်းကုံး ပမာ ဆွဲထားတော့တယ်။ အဲဒီအချိန်ကစပြီး ဟိံသကဟာ "အင်္ဂုလိမာလ" ဆိုတဲ့ အမည်တွင်သွားတော့တယ်။ "အင်္ဂုလိ"ဆိုတာက လက်ညှိုးလို့ အဓိပ္ပာယ်ရတယ်။ "မာလ"ဆိုတာက "ပန်းကုံး" လို့အဓိပ္ပာယ်ရတယ်။

အဲသလိုတောတွင်းထဲမှာ လူတွေသတ်ပြီး လက်ညှိုးတွေဖြတ်ယူနေတာကို မြင်တွေ့တဲ့သူတွေက တစ်ဆင့်စကားတစ်ဆင့်နား ပြောဆိုကြတာကို လူတွေကသိပြီး အဲဒီတောတွင်းထဲကိုဘယ်သူမှ မသွားရဲတော့ဘူး။

"ဟင်း... ဒီတောအုပ်ထဲကို လူတွေမလာကြတော့ပါလား"

အင်္ဂုလိမာလဟာရွာအတွင်းကို ညဥ့်နက်တဲ့အချိန်မှာ ဝင်ရောက်

mgyoe.com

mgyoe.com


ပြီး လူတွေကို သတ်ဖြတ်ကာ လက်ညှိုးတွေကို ဖြတ်ယူတယ်။ အင်္ဂုလိမာလက အလွန်အင်အားကြီးပြီး လျင်မြန်တဲ့သူဖြစ်တာကြောင့် ဘယ်ရွာသူရွာသားမှ လွတ်အောင် မပြေးနိုင်ကြဘူး။

အဲဒါကြောင့် ရွာကလူတွေဟာ သူတို့ရွာတွေထဲမှာ မနေရဲကြတော့ဘဲ သာဝတ္ထိပြည်ထဲကို ထွက်ပြေးသွားကြပြီး နေထိုင်ကြတယ်။ အဲဒီအကြောင်းကို ကောသလမင်းကြီး ကြားသိလေတဲ့အခါ မိမိကိုယ်တိုင်ကြောက်ရွံ့ထိတ်လန့်နေပေမဲ့...

"တိုင်းသူပြည်သားအပေါင်းတို့... ဘာမှမကြောက်ကြနဲ့။ မနက်ဖြန် ငါကိုယ်တော်တိုင် မြင်စီးစစ်သည်ငါးရာနဲ့ ထွက်ပြီး အင်္ဂုလိမာလကို ဖမ်းဆီးမယ်"လို့မိန့်တယ်။

အဲဒီဘုရင်ကြီးရဲ့ မိန့်စကားကို အင်္ဂုလိမာလရဲ့ ဖခင်ဖြစ်တဲ့ ပုရောဟိတ်ကြီးကကြားတော့ သူ့ရဲ့မယား မန္တာနီပုဏ္ဏေးမကို...

"ရှင်မရေ... လူဆိုးကြီးတစ်ယောက်က မြို့စွန်မြို့ဖျားမှာ သွားလာနေတဲ့ လူတွေကို သတ်ဖြတ်ပြီး လက်ညှိုးတွေကို ဖြတ်ယူနေတယ်လို့ ကြားတယ်။ အဲဒီ့လူဆိုးကြီးဟာ ငါတို့ရဲ့သား ဟိံသက ဖြစ်ရမယ်" လို့ ပြောပြတယ်။

ပုဏ္ဏေးမက...

"ဟင်... ဒါဆိုရင် ကျွန်မသားကို သွားခေါ်ပေးပါ"လို့သူ့ဆန္ဒကို ပြောတယ်။

ပုရောဟိတ်ကြီးက...

"ဟဲ့... ရှင်မရဲ့။ လူဆိုးလူမိုက်ဆိုတဲ့သားမျိုးကို ငါအလိုမရှိဘူး။ ငါမသွားဘူး"လို့ဆိုတယ်။

ပုရောဟိတ်ကြီးက သူ့သားကို မွေးကတည်းက လူဆိုးလူမိုက်ဖြစ်မယ်ဆိုတာကို ဟိံသကရဲ့ဇာတာ၊ လက္ခဏာကိုကြည့်ပြီး ကြိုတင်

mgyoe.com

mgyoe.com


သိနေတဲ့သူ မဟုတ်လား။ အဲဒါကြောင့် သူ့မိန်းမရဲ့ဆန္ဒကို ငြင်းဆန်တာ ပေါ့။

အဲဒီအခါ ပုဏ္ဏေးမက ဝမ်းနဲ့လွယ်မွေးထားရတဲ့ မိခင်ဆိုတော့ ချစ်ခင်တဲ့စိတ်နဲ့ မိမိရဲ့အသက်ကိုတောင် မငဲ့ကွက်တော့ဘဲ သားကိုခေါ်ဖို့ တောစပ်ကို ထွက်လာခဲ့တယ်။

အဲဒီအချိန်မှာ အင်္ဂုလိမာလဟာ လက်ညှိုးရရှိဖို့အတွက် လူတွေကို ရှာဖွေ၊ သတ်ဖြတ် လက်ညှိုးတွေဖြတ်ပြီး စုဆောင်းနေရတာမို့ အစားအသောက်ကမမှန်၊ အအိပ်ကမမှန်တော့... စိတ်တွေက ထွေပြားဝေဝါးနေတယ်။ သူစုဆောင်းနေတဲ့ လက်ညှိုးတစ်ထောင်ပြည့်ဖို့ကလည်း လူတစ်ယောက်ပဲ လိုတော့တယ်။

"ဒီနေ့တော့ ဘယ်သူ့ကိုပဲတွေ့တွေ့ သတ်ဖြတ်မယ်။ အဲဒါဆိုရင် ငါစုဆောင်းနေတဲ့ လက်ညှိုးတစ်ထောင်ပြည့်ပြီ။ ငါ့ဆရာကိုပူဇော်ပြီး ပညာတွေကို သင်ရတော့မယ်။ ပညာတွေသင်ကြားပြီးရင် ငါ့မိဘတွေဆီကို ပြန်မယ်"

လို့အင်္ဂုလိမာလက ဆုံးဖြတ်ထားတယ်။ အဲဒီအချိန်မှာ မိခင်ဖြစ်တဲ့ ပုဏ္ဏေးမကြီးက တောစပ်ကနေပြီး...

"ချစ်သားဟိံသက၊ မင်းကဆိုးမိုက်နေတယ်ဆိုကွဲ့။ ဒီနေ့ ငါ့သားကိုလေ... ကောသလမင်းကြီးက ဖမ်းဆီးဖို့ မြင်းစီးစစ်သည်ငါးရာနဲ့ မင်းဆီကိုလာလိမ့်မယ်။ ငါ့သားအမေနဲ့ ပြန်လိုက်ခဲ့ပါ"လို့အော်ဟစ်ခေါ်တယ်။

အင်္ဂုလိမာလက ဟိုးဝေးဝေးဆီက မိန်းမကြီးတစ်ယောက် လာနေတာကို မြင်တယ်။

"ဟန်ကျလိုက်လေ။ ဟိုမှာ မိန်းမကြီးတစ်ယောက် လာနေပါလား။ အဲဒီမိန်းမကြီးကိုသတ်ပြီး လက်ညှိုးကိုဖြတ်ယူလိုက်ရင် ငါလိုချင်

mgyoe.com

mgyoe.com


တဲ့ လက်ညှိုးတစ်ထောင်ပြည့်ပြီ။ ငါ့ဆရာကြီးဆိမှာ ပညာသင်ကြားရ တော့မယ်”လို့စိတ်ကူးထားတယ်။

အဲဒီအချိန်မှာ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားက လူဆိုးလူမိုက် အင်္ဂုလိမာလ အကျွတ်ရမှာကို သိမြင်တော်မူထားတာကြောင့် အဲဒီနေရာကို ကြွရောက်တော်မူလာပြီး မိခင်ပုဏ္ဏေးမနဲ့ အင်္ဂုလိမာလတို့ရဲ့ အကြားမှာ ရပ်တော်မူတယ်။

အင်္ဂုလိမာလက လူဆိုးလူမိုက်စိတ်တွေဝင်နေတာမို့ ဘုရားရှင်ကို ဓားနဲ့လိုက်တယ်။ ဘုရားရှင်ကတန်ခိုးတော်နဲ့ ဖြည်းဖြည်းချင်းကြွချီတော်မူနေတာကို အင်္ဂုလိမာလက တစ်ဟုန်ထိုး ပြေးလွှားလိုက်ပေမဲ့ မမီဘူး။

အဲသလို ဘုရားရှင်ရဲ့နောက်ကို အင်္ဂုလိမာလက ဓားကိုင်ပြီးပြေးလိုက်တာ သုံးယူဇနာအကွာအဝေးကို ရောက်တဲ့အခါ အင်္ဂုလိမာလဟာ အဲလွန်ပင်ပန်းနွမ်းနယ် မောဟိုက်ပြီး ချွေးသီးချွေးပေါက်တွေတောင် ကျနေတယ်။ အင်္ဂုလိမာလက ပြေးလွှားလိုက်နေရင်း...

“အရင်တုန်းက ငါပြေးလိုက်ရင်... ဘယ်သူ့ကိုမဆို အလွယ်တကူ ဖမ်းမိတယ်။ ဒီရဟန်းကြီးကိုကျတော့ အခုထိဖမ်းမမိသေးပါလား” လို့တွေးပြီး...

“အရှင်ရဟန်း၊ ဘာလို့ပြေးနေရတာလဲ”လို့ အသားကုန်အော်ပြောတယ်။

ထိုအခါ ဘုရားရှင်က...

“ချစ်သားဟိသက၊ ငါကရပ်နေတာ၊ သင်ကသာ ပြေးလွှားပြီးလိုက်နေတာ”လို့မိန့်ပါတယ်။

အဲဒီအခါ အင်္ဂုလိမာလက...

“အရှင်ရဟန်း သင်ကသွားနေတယ်။ ငါကပြေးလိုက်တယ်။

mgyoe.com

mgyoe.com


မမိဘူး။ ဒါကိုသင်ကရပ်နေတယ်။ ငါကသာပြေးလိုက်နေတယ်လို့ဆို
တယ်။ အဲဒါ ရှင်ရဟန်းရဲ့အကျင့်လား"လို့ ဒေါသသံကြီးနဲ့မေးတယ်။

ဘုရားရှင်က...

"ချစ်သားဟိုသက၊ ငါဟာ မကောင်းမှုကို ရှောင်ကြဉ်သူဖြစ်လို့
အပါယ်သို့မလားတော့ဘဲ လမ်းဝမှာရပ်တည်နေသူဖြစ်လို့ ရပ်နေသူမည်
ပေတယ်။ သင်က သတ္တဝါတွေကို သနားကြင်နာမှုမရှိဘဲ သတ်ဖြတ်ပြီး
မကောင်းမှုကို လုပ်နေတဲ့သူဖြစ်တာကြောင့် အပါယ်ငရဲကို သွားရမယ့်သူ
ဖြစ်တယ်။ အဲဒါကြောင့် သင်က သွားနေရတဲ့သူပါ။ သို့ကြောင့် ငါကရပ်
နေပြီး သင်ကပြေးနေရတဲ့သူလို့ ငါဆိုခဲ့တာပါ"လို့မိန့်စကားဆိုတယ်။

အဲဒီအခါပါရမီရင့်သန်တဲ့ အင်္ဂုလိမာလက...

"သြော်... ဒီရဟန်းရဲ့စကားကို အသေအချာ စဉ်းစားကြည့်ရင်
သင့်မြတ်တဲ့စကားပေပဲ။ အနှစ်သာရရှိပြီး မှတ်သားထိုက်တဲ့စကားကို
ဆိုသူဟာ ဂေါတမဘုရားဆိုတာပဲ ဖြစ်ရမယ်။ ငါ့ကိုသနားတော်မူတာ
ကြောင့် ကြွချီတော်မူလာတာပဲ ဖြစ်ရမယ်..."လို့တွေးမိပြီး

အင်္ဂုလိမာလရဲ့စိတ်ထဲမှာ ဘုရားရှင်ကို အလွန်ကြည်ညိုတဲ့စိတ်
ဖြစ်ပေါ်လာတာကြောင့် မြတ်စွာဘုရားရဲ့ရှေ့မှာဝပ်ပြီး...

"အရှင်မြတ်ဘုရား... တပည့်တော်အား ကယ်မချီးမြှောက်တော်
မူပါဘုရား။ အကျွန်ုပ်သည် ရက်စက်ယုတ်မာတဲ့ အပြုအမူတွေကို စွန့်
လွှတ်ပါတော့မယ်ဘုရား"လို့ ရိုသေစွာလျှောက်ထားပြီး အင်္ဂုလိမာလဟာ
သူ့လည်ပင်းမှာ ဆွဲထားတဲ့ လက်ညှိုးတွဲကြီးကို အဝေးသို့ စွန့်ပစ်လိုက်
ပါတယ်။

ဘုရားရှင်က အင်္ဂုလိမာလကို အထူးထူးသော တရားဓမ္မတို့ကို
ဟောပြောပြသ ဆုံးမတော်မူပါတယ်။ ဘုရားရှင်ရဲ့ တရားတွေကို နာ
ကြားပြီးတဲ့အခါ အင်္ဂုလိမာလဟာ လူအသွင်ပျောက်ပြီး သင်္ကန်း၊ သပိတ်၊

mgyoe.com

mgyoe.com


ပရိက္ခရာအပြည့်အစုံနဲ့တကွ ရဟန်းအဖြစ်ကို ရောက်သွားပါတယ်။

မြတ်စွာဘုရားဟာ အင်္ဂုလိမာလကို ကျောင်းတော်ကို ခေါ်လာခဲ့ရာ မိခင်မန္တာနိပုဏ္ဏားမကြီးက အနောက်ကလိုက်လာပြီး...

"ချစ်သားဟိံသက၊ ငါ့သားနဲ့အမေ ခွဲနေရတာကြာပြီ။ အမိအဖ တို့ထံ ပြန်လိုက်ခဲ့ပါလား"လို့ငိုယိုပြီးလိုက်ပြောပါတယ်။

အင်္ဂုလိမာလမထေရ်ကလည်း...

"မိခင်... မြတ်စွာဘုရားသည် ကျွန်ုပ်၏ ဒီဘဝအတွက်လည်း ကောင်း၊ နောင်ဘဝအတွက်လည်းကောင်း ချမ်းသာအောင် ချီးမြှောက် တော်မူခဲ့ပါတယ်။ အဲဒါကြောင့် မြတ်စွာဘုရားရဲ့နောက်သို့သာ လိုက် သွားခွင့်ပြုပါ"လို့ပြောတယ်။

အင်္ဂုလိမာလဟာ ဗုဒ္ဓဘုရားရှင်ရဲ့ကျောင်းတော်ကို ရောက်နေတဲ့ အကြောင်း ကောသလမင်းကြီးက ကြားသိတဲ့အခါ အခြံအရံတွေနဲ့ ဗုဒ္ဓ ကျောင်းတော်ကို လာရောက်ပြီး ဘုရားရှင်ကို မေးမြန်းလျှောက်ထားပါ တယ်။ဘုရားရှင်ကိုဝတ်ပြုဖို့လာတဲ့ မှူးမတ်အပေါင်းတို့ဟာ အင်္ဂုလိမာလ ကို မြင်တဲ့အခါ ကြောက်လန့်ပြီး ထွက်ပြေးကုန်ကြပါတယ်။

ကောသလမင်းကြီးက...

"အရှင်မြတ်ဘုရား၊ လူပေါင်းများစွာကို သတ်ဖြတ်ခဲ့တဲ့သူကို ရဟန်းမပြုပေးသင့်ပါ။ တပည့်တော်တို့ကို စီရင်ခွင့်ပေးတော်မူပါ"လို့ လျှောက်ထားပါတယ်။

မြတ်စွာဘုရားက...

"မြတ်သောမင်းကြီး၊ မ,စီရင်ထိုက်တော့ပြီ။ အင်္ဂုလိမာလရဲ့ကံ ရင်းသည် အကြွင်းမဲ့ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်လေပြီ"လို့မိန့်ကြား တော်မူပါတယ်။

နောက်နေ့တွေမှာ အင်္ဂုလိမာလရဟန်းက မြို့တွင်းသို့ ဆွမ်းခံကြွ

mgyoe.com

mgyoe.com


တဲ့အခါ မြင်တွေ့ရတဲ့သူတွေက...

"ဒီရဟန်းက လူ့ဘဝတုန်းက ငါ့အဖေကိုသတ်ခဲ့တာ"

"ဟုတ်တယ်၊ ငါ့အမေကိုလည်း သတ်ခဲ့တယ်"

"ငါ့အစ်ကိုကိုလည်းသတ်ခဲ့တယ်"

"ငါ့ညီမကိုသတ်ခဲ့တာသူပဲ"လို့ ဝိုင်းဝန်းအပြစ်တင် ပြောဆိုကြပြီး အုတ်ခဲတွေနဲ့ပစ်ပေါက် ကြတယ်။

အဲဒီလူတွေက အင်္ဂုလိမာလရဟန်းကို ဆွမ်း၊ ယာဂု တစ်စုံ တစ်ရာကိုတောင် မလောင်းလှူကြဘူး။ အဲ့ဒီအခါ ဗုဒ္ဓဘုရားရှင်က အင်္ဂုလိမာလရဟန်းကို သည်းခံဖို့ ဆုံးမတော်မူတယ်။

အဲဒီအချိန်ကျောင်းတော်အနီးက ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက် မီးမဖွားနိုင်ဘဲရှိတာမို့ မြတ်စွာဘုရားက အင်္ဂုလိမာလမထေရ်ကို အဘိုးရွတ်ပြမယ့် ဂါထာကို သင်ကြားပေးတော်မူတယ်။ အင်္ဂုလိမာလဂါထာတော်လို့ ထင်ရှားတယ်။ အဲဒီဂါထာကတော့...

အင်္ဂုလိမာလဂါထာတော်

ယတောဟံဘဂိနိ ၊ အရိယာယဇာတိယာ၊

ဇာသောနာတိ ဇာနာမိ ၊ သဥ္စိစ္စပါဏံ ဝိဝိတာ၊

ဝေါရောပေတာ ၊ တေနသစ္စေန

သေတ္ထိတေ ဟောတု သောတ္ထိဂဗ္ဘဿ။

ဂါထာရဲ့အဓိပ္ပာယ်ကတော့... နှမ ငါဟာရဟန်းအဖြစ်ကို ရောက်ရှိတဲ့အချိန်ကစပြီး သေစေလိုတဲ့စေတနာနဲ့ တစ်စုံတစ်ခုသောသတ္တဝါကိုမျှ မသတ်စဖူး။ ဤငါဆိုအပ်တဲ့ သစ္စာစကားကြောင့် သင်ရဲ့သားမဖွားနိုင်တဲ့ဝေဒနာဟာ ချမ်းသာပါစေသားတဲ့။

အဲဒီဂါထာတော်ရဲ့အစွမ်းကြောင့် ကိုယ်ဝန်ဆောင်မိန်းမဟာ လွယ်ကူစွာပဲ မီးဖွားနိုင်ပါတယ်။ အဲဒီအချိန်ကစပြီး အင်္ဂုလိမာလဂါထာ

mgyoe.com

mgyoe.com


တော်ဟာ အလွန်အစွမ်းထက်တယ်ဆိုပြီး လူတွေက မထေရ်ကြီးကို ကြည်ညိုလှူဒါန်းကြပါတော့တယ်။

ဗုဒ္ဓဘုရားရှင်သည် လူဆိုးလူမိုက်ကြီး အင်္ဂုလိမာလကို အကျွတ်တရားရပြီး ရဟန်းအဖြစ်ကိုရောက်အောင် တရားဟောပြ ဆုံးမတော်မူခဲ့ပါတယ်။ "ကလေးတို့ လိမ္မာရေးခြားရှိစေဖို့ အဘိုးပြောပြတဲ့ ဗုဒ္ဓပြစ်မှား အသိတရားဝင် နိဗ္ဗာန်ဝင်ဆိုတဲ့ ပုံပြင်လေးကို ကလေးတို့ မှတ်သားထား ရမယ်နော်"

"ဟုတ်ကဲ့ပါအဘိုး"

ရပ်ကွက်ထဲမှကလေးများသည် အဘိုးဦးဘသိန်းကို ရိုသေစွာ ကန်တော့ကြပြီးနောက် သူတို့အိမ်ရှိရာသို့ ပြန်သွားကြလေတော့၏။

❑

mgyoe.com

mgyoe.com

## အငြိုးအတေးစိတ်ကြီးမားသူ

အဘိုးဦးဘသိန်းက ညစာထမင်းစားနေ၏။ ရပ်ကွက်ထဲမှ ကလေးများက အဘိုးဦးဘသိန်း၏ အိမ်ပေါ်တွင်ရောက်နေကြပြီ။ အဘိုးဦးဘသိန်းက ရပ်ကွက်ထဲမှကလေးများကို ညတိုင်း ပုံပြင်ပြောပြလေ့ရှိရာ ညမိုးချုပ်သည်နှင့် သူ့အိမ်သို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြ၏။ အဘိုးဦးဘသိန်းက ထမင်းစားပြီး၍ လက်ဆေးနေရင်း...

"ကလေးတို့အားလုံး ထမင်းစားပြီးကြပြီလား"ဟုမေးပါသည်။

"စားပြီးပါပြီအဘိုး"ဟု ကလေးများက ပြိုင်တူဖြေကြသည်။

"ထမင်းမစားရသေးရင် အဘိုးကို အားမနာကြနဲ့၊ လာစားကြ၊ အဘိုးမှာထမင်းတွေ၊ ဟင်းတွေ အများကြီးပဲ"

"စားပြီးပါပြီ။ မစားတော့ပါဘူးအဘိုး"

ထိုစဉ်မိလဲ့က အုန်းမြင့်၏ခေါင်းကို အဘိုးဦးဘသိန်း၏ တောင်ဝှေးဖုဖြင့် တစ်အားထုလိုက်၏။

mgyoe.com

mgyoe.com


"ဂေါက်"

"အောင်မလေး"

"ဟဲ့... ဘာဖြစ်တာလဲ ကလေးတို့"

အဘိုးဦးဘသိန်းက ရေနွေးကြမ်းသောက်နေရင်းမှ မေးသည်။

"မိလဲ့က အုန်းမြင့်ရဲ့ခေါင်းကို တွယ်ထည့်လိုက်တာအဘိုး"

"ဘာဖြစ်လို့ အုန်းမြင့်ရဲ့ခေါင်းကို တောင်ဝှေးဖုနဲ့ ထုရတာလဲ သမီးလေးရယ်"

"ညနေက ကစားရင်း သူနဲ့သမီး စကားများရန်ဖြစ်ကြတယ် အဘိုး။ အဲဒါကိုမကျေနပ်လို့ အခုတွယ်ထည့်လိုက်တာ..."

"ဟင်း... သမီးက တော်တော်အငြိုးကြီးတာကိုး။ တစ်ရပ်ကွက်တည်းသား သူငယ်ချင်းတွေပဲ သမီးရယ်။ တစ်ဦးနဲ့တစ်ဦး သည်းခံရမှာပေါ့။ သူ့အမှားကိုယ့်အမှားကို အပြစ်မယူရဘူးကွဲ့"

"အဲဒီကောင်က သိပ်အမြင်ကတ်ဖို့ကောင်းတာ လူညစ်ပတ်၊ အဲသလိုလုပ်လိုက်ရမှ သမီးကကျေနပ်သွားတာ..."

"သမီးကတော့ကွယ်"

အဘိုးဦးဘသိန်းက မိလဲ့၏ အမူအရာကိုကြည့်ပြီး ရယ်နေသည်။ အဘိုးဦးဘသိန်းကပက်လက်ကုလားထိုင်တွင် ထိုင်နေစဉ် ကလေးငယ်များက အဘိုးဦးဘသိန်း၏ဆေးတွင်ဝိုင်းပတ်ထိုင်ကာ အဘိုးဦးဘသိန်းပြောမည့် ပုံပြင်ကို နားထောင်ချင်နေကြ၏။

"ဒီညတော့ အုန်းမြင့်ညစ်ပတ်တာကို မ,ခံနိုင်တဲ့ သမီးမိလဲ့က အုန်းမြင့်ခေါင်းကို တောင်ဝှေးနဲ့ထုပြီး လက်စားချေတာကို အကြောင်းပြုပြီး ဘုရားဟောပုံဝတ္ထုလေးတစ်ခုကို ပြောပြမယ်။ သေသေချာချာ နားထောင်ကြကွဲ့"

"ဟုတ်ကဲ့ပါအဘိုး"

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


မြတ်စွာဘုရားသခင်က ဇေတဝန်ကျောင်းတော်ရဲ့ တရားဟော ပလ္လင်ထက်မှာ ကြီးမြတ်တဲ့ ဣန္ဒြေတော်နဲ့နေတော်မူပြီး များပြားလှစွာရှိတဲ့ ပရိသတ်ကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူနေတယ်။ မြတ်စွာဘုရားက ပရိသတ်ကို တရားဟောနေတဲ့အချိန် မိန်းမငယ်တစ်ယောက်ဟာ အတိုင်းအဆမရှိတဲ့ ဘုန်းတော်ပါရမီတော်ကြောင့်ဖြစ်တဲ့ တင့်တယ်မြင့်မြတ်တဲ့ မြတ်စွာဘုရားသခင်ရဲ့ အဆင်းတော်ကို ကြည့်ပြီး...

"ဘဝသံသရာအဆက်ဆက်ထဲမှာ ကျင်လည်နေခဲ့ရတဲ့ ငါဟာ ဖြစ်တည်ခဲ့တဲ့ ဘဝတစ်ခုမှာ ဒီယောကျ်ားမြတ်ရဲ့ မယားဖြစ်ခဲ့ဖူးလေသလား"

ဆိုပြီး ဇာတိဿရဉာဏ် (ထိုးထွင်းသိမြင်တတ်တဲ့ဉာဏ်ပညာကိုပြောတာပါ) နဲ့ ဆင်ခြင်ကြည့်ပါတယ်။ အဲဒီမိန်းမငယ်ကလည်း ပါရမီရင့်သန်ခဲ့တဲ့သူ ဖြစ်တာမို့...

"သြော်... ဒီယောကျ်ားမြတ် ဆဒ္ဒန်ဆင်မင်းဘဝ ဖြစ်စဉ်အခါတုန်းက ငါကသူ့ရဲ့မိဖုရား ဖြစ်ခဲ့ဖူးတာကိုး"လို့သိမြင်ရတာကြောင့် အလွန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတယ်။

"အင်း... ငါဟာ ဆဒ္ဒန်ဆင်မင်းရဲ့ မိဖုရားဖြစ်စဉ်အခါတုန်းက ဆဒ္ဒန်ဆင်မင်းအပေါ်မှာ အကျိုးပြုခဲ့တဲ့မိဖုရားလား။ အပြစ်လုပ်ခဲ့တဲ့ မိဖုရားလား"လို့တွေးပြီး ဆင်ခြင်ကြည့်ပြန်တယ်။

"အလို... ကျွတ်... ကျွတ် ဘုရား... ဘုရား... အဲဒီအခါတုန်းက ငါဟာ ဆဒ္ဒန်ဆင်မင်းအပေါ်မှာ အတော်ရက်စက်ယုတ်မာခဲ့တဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့တာပဲ..."လို့ သတိရပြီး စိတ်မချမ်းမသာဖြစ်ကာငိုကြွေးပါတော့တယ်။

တရားနာပရိသတ်တွေထဲမှာ မိန်းမငယ်တစ်ယောက် ကြိတ်မှိတ်

mgyoe.com

mgyoe.com


ငိုကြွေးနေတာကို ဘယ်သူကမှ မသိကြဘူး။ ဒီမိန်းမငယ် ငိုကြွေးနေတာကို မြတ်စွာဘုရားကတော့ မြင်တော်မူတာမို့ ပြုံးတော်မူတာကို တရားတော်ကို နာကြားနေကြတဲ့ ရဟန်းတော်တွေက မြင်တဲ့အခါ...

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား... အရှင်ဘုရားသည် မည်သို့အကြောင်းကြောင့် ပြုံးရယ်တော်မူရပါသလဲဘုရား"လို့ မေးလျှောက်တော်မူပါတယ်။

အဲဒီအခါ မြတ်စွာဘုရားသခင်က...

"တရားနာရင်း မိန်းမငယ်တစ်ယောက် ငိုနေတာကိုမြင်၍ ပြုံးရယ်တော်မူရတယ်"လို့ မိန့်တော်မူပါတယ်။

အဲဒီအခါမှ မိန်းမငယ်ငိုနေတာကို ရဟန်းတော်တွေနဲ့ လူပရိသတ်က သိသွားကြတာပေါ့။

"အရှင်မြတ်ဘုရား၊ မိန်းမငယ်ငိုယိုသည်ကို မြင်ရုံဖြင့်ပြုံးရယ်တော်မူခြင်းသည် ထူးခြားမှုရှိမည်ဟု ထင်မိပါသည်ဘုရား"လို့ရဟန်းတော်တွေက လျှောက်တင်တယ်။

"ပြုံးရယ်တော်မူရခြင်း အကြောင်းအရင်း ရှိတော်မူသည် ရဟန်းတို့"

မြတ်စွာဘုရားဟာ ရဟန်းတော်တွေနဲ့ တရားနာပရိသတ်အပေါင်းတို့ကို အတိတ်က ဇာတ်ဝတ္ထုကို ဟောတော်မူခဲ့ပါတယ်။

ရှေးလွန်လေပြီးသောအခါက ဟိမဝန္တာအရပ်ရှိ ဆဒ္ဒန်အိုင်အနီးရွှေဂူမှာ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူပြီး ကြီးမားတင့်တယ် ရှုချင်စဖွယ်ကောင်းတဲ့ ဆဒ္ဒန်ဆင်မင်းဟာ အရေအတွက်အားဖြင့် ရှစ်ထောင်မျှရှိတဲ့ ဆင်အပေါင်းအခြံအရံနဲ့ နေထိုင်ပါတယ်။

အဲဒီဆဒ္ဒန်ဆင်မင်းမှာ မဟာသုဘဒ္ဒါနဲ့ စူဠသုဘဒ္ဒါလို့ခေါ်တဲ့ ဆင်မိဖုရားနှစ်ပါးရှိတယ်။

mgyoe.com